# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး
# ပထမနေ့ အစီအစဉ်
# [ ၂၅- ၇ - ၂၀၁၆ ]
# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ပထမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် သပြေကန် - ယင်ရဲကန် - အုန်းနှံချောင်း နှင့် သပြေကန် - ဒါးခံရွာ - သင်ပုန်းချောင်း ရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဒဏ်ခံနေရခြင်းအပေါ် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့် အစီအမံကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံနှင့်အဝှမ်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် စိုက်ပျိုးသီးနှံများ၊ ရွံ့နွံသဲများ၊ သစ်တုံးကြီးများ ဖုံးလွှမ်းသွား၍ စိုက်ပျိုးရန် ခက်ခဲသွားသည့် လယ်ယာမြေများနှင့် ဆုံးရှုံးနစ်နာခဲ့ရသည့် ကာယကံရှင် တောင်သူလယ်သမားများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့သော ပံ့ပိုးကူညီမှုအစီအမံများ ပြုလုပ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမင်းဆွေနိုင်၊ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)၏ **မန္တလေး - မြစ်ကြီးနား မီးရထားလမ်းပိုင်း ဘေးဝဲ/ယာရှိ ချုံပင်များ ခုတ်ထွင်ရှင်းလင်းရန်နှင့် ပျက်စီးနေသော သံလမ်းများ၊ ရေပေါက်များ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ၊ မန္တလေး-မြစ်ကြီးနား မီးရထားလူစီးတွဲများကို ရန်ကုန်-မန္တလေး မီးရထား လူစီးတွဲများနှင့် တစ်ပြေးညီ ပြေးဆွဲပေးနိုင်ခြင်း ရှိ/မရှိ နှင့် မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအား တိုးချဲ့ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ကျေးရွာများအားလုံးတွင် ဆက်သွယ်ရေးတာဝါတိုင်များ တပ်ဆင်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ကျေးရွာခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများသုံးစွဲသည့် ချောင်ကျသောနေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစု ကုသပျိုးထောင်ပေးသည့် စခန်းများ လိုအပ်သည့် နေရာများတွင် ဖွင့်လှစ်ပေးရေး** နှင့် စပ်လျဉ်းသည့် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။